ကန့်သတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် - ၁၃ /၂၀၁၈**
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်

**စာရင်းလုပ်ငန်းရပ်နားခြင်း နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် စာရင်းလုပ်ငန်းအမည်ဖြင့်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၅နှင့် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ရှိသူသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် ၁၃/ ၂၀၁၅ တို့ကို ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အပိုဒ် ၁ ပါအမိန့်ကြော်ငြာစာများနှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီတွင် စာရင်းလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားသူ ပုဂ္ဂိုလ်/ လုပ်ငန်းအဖွဲ့အစည်းများသည် မှတ်ပုံတင်ထားခြင်းကိုရပ်နားလိုပါက ရပ်နားလိုကြောင်းအကြောင်းကြားစာဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ အကြောင်းကြားရမည်။ ရပ်နားလိုကြောင်းအကြောင်းကြားစာ တင်ပြရာတွင် ရပ်နားလိုသည့် အကြောင်းရင်းအားဖော်ပြပေးရမည်ဖြစ်ပြီး လက်ခံဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းများစာရင်းကိုပါ ပူးတွဲတင်ပြရမည်။

၃။ ရပ်နားတင်ထားသည့်စာရင်းလုပ်ငန်းများသည် ရပ်နားထားသည့်ပြက္ခဒိန်နှစ်အတွင်းစာရင်းလုပ်ငန်းအမည် သုံးစွဲခြင်းကိုလည်းကောင်း၊ စာရင်းလုပ်ငန်းလုပ်ကိုင်ခြင်းကို လည်းကောင်းမပြုရ။

၄။ ရပ်နားလိုကြောင်း အကြောင်းကြားစာတင်ပြရန် ပျက်ကွက်သည့် စာရင်းလုပ်ငန်းများသည် စာရင်းလုပ်ငန်းကို ပြန်လည်မှတ်ပုံတင်သည့်အချိန်တွင် နှစ်ပြတ်ကြေးကို တစ်နှစ်လျှင် အောက်ပါအတိုင်းပေးသွင်းရမည်-

| | | ကျပ် |
|---|---|---|
| (က) | တစ်ဦးချင်းအတွက် | ၃၀,၀၀၀ |
| (ခ) | လုပ်ငန်းအဖွဲ့ | ၁၀၀,၀၀၀ |

၅။ ရပ်နားလိုကြောင်း အကြောင်းကြားစာတင်ပြသည့် စာရင်းလုပ်ငန်းများကို ပြန်လည်မှတ်ပုံတင်သည့်အချိန်တွင် နှစ်ပြတ်ကြေး ကောက်ခံမည်မဟုတ်ပါ။

၆။ အထက်အပိုဒ် ၃၊ ၄ နှင့် ၅ ပါသတ်မှတ်ချက်များသည် ၂၀၁၈ ပြက္ခဒိန်နှစ်အတွက် သက်တမ်းတိုးရန် ပြတ်တောက်ခြင်းမှစ၍ အကျိုးသက်ရောက်သည်။

အမိန့်အရ

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၇၀၀/ (၂၆၂ /၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်

ဖြန့်ဝေခြင်း
- ကြော်ငြာသင်ပုန်း
- ဆိုင်ရာစာရင်းလုပ်ငန်းများအားလုံး
- ရုံးအမိန့်ဖိုင်
- ရုံးလက်ခံ
- မျှောစာတွဲ

အမိန့်အရ

ခင်ပြုံးရီ
ညွှန်ကြားရေးမှူး